အလုပ်ခေါ်စာ

(ခေါ်စာအမှတ် - ၀၉၉)

| | |
|---|---|
| **ရာထူး** | **Peer Educator - ဘ၀တူ အသိပညာပေးသူ ။** |
| **ဌာန** | **Ccommunity-Led Services Department** |
| **အစီရင်ခံရမည့်သူ** | သက်ဆိုင်ရာ ကြီးကြပ်သူ **Peer Supervisor** ။ |
| **တာဝန်ကျရာဒေသ** | မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။ |
| **ခေါ်ယူမည့် ဦးရေ** | ၁ ဦး |
| **စာချုပ်အမျိုးအစား** | သတ်မှတ်ကာလစာချုပ် (Fixed-Term Contract) |
| **စာချုပ်သက်တမ်း** | ၃ လ စာချုပ် (၁ လ အစမ်းခန့်ကာလ အပါအဝင်) |
| **စီမံကိန်းကာလ** | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် မှ ၂၀၂၇ ခုနှစ်၊ ဧပြီလ ၃၀ ရက်အထိ |
| **အလုပ်စတင်ရမည့်ရက်** | အမြန်ဆုံး |
| **လျှောက်လွှာပိတ်ရက်** | သင့်တော်သူရရှိသည်အထိ လျှောက်လွှာများကို လက်ခံသွားမည်။ |

## လုပ်ငန်း အကျဉ်းချုပ်

## ကျန်းမာရေးစောင့်ရှောက်မှုများ အစဉ်မပြတ်ရရှိရေးနှင့် လူထုကိုယ်တိုင်ဦးဆောင်သည့် ဘဝတူချင်းကူညီ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရန်

အမ်ပီဂျီရှိ ကျွန်ုပ်တို့သည် အချင်းချင်းဦးဆောင်သော (Peer-led) ပံ့ပိုးကူညီမှုများသည် အိပ်ချ်အိုင်ဗွီနှင့်နေထိုင်သူများ၏ ပြုစုကုသစောင့်ရှောက်မှုနှင့် လူမှုဖေးမကူညီရေးဝန်ဆောင်မှုများ တန်းတူရည်တူရရှိနိုင်စေရန် အတွက် မရှိမဖြစ်လိုအပ်သည်ဟု ယုံကြည်ပါသည်။ ဤဝန်ဆောင်မှုများသည် အကူအညီလိုအပ်နေသူ တစ်ဦးချင်းစီနှင့် ၎င်းတို့မိသားစုများ၏ လူမှုဘဝမြှင့်တင်ရေးနှင့် စိတ်ခါတ်ကြံ့ကြံ့ခံနိုင်စွမ်းရှိစေရေးအတွက် အရေးကြီးသောအခန်းကဏ္ဍဖြစ်သည်ဟု ယုံကြည်ပါသည်။

ကျွန်ုပ်တို့သည် အေအာတီ (ART) ဆေးဝါးစနစ်တကျသောက်သုံးမှု (Treatment adherence) တိုးတက်ကောင်းမွန်စေရန်၊ ဝန် ဆောင်မှုချိတ်ဆက်မှုများ အားကောင်းစေရန်နှင့် ဆေးကုသမှုခရီးလမ်းတစ်လျှောက် ကြုံတွေ့ရသည့် အခက် အခဲများကို ကျော်လွှားနိုင်ရန် ကူညီပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။

ကျွန်ုပ်တို့နှင့်အတူ လူထုဦးဆောင် ပံ့ပိုးကူညီမှု၊ လွှဲပြောင်းဝန်ဆောင်မှုများ၊ ဆေးကုသမှုနောက်ဆက်တွဲ စောင့်ကြည့်ခြင်းနှင့် နှစ်သိမ့်ဆွေးနွေးခြင်းဆိုင်ရာ အကူအညီများကိုပေးအပ်ရန် စိတ်အားထက်သန်ပြီး စာနာနားလည်မှုရှိသည့် ဘဝတူချင်းကူညီပံ့ပိုးရေးဝန်ထမ်းများကို ရှာဖွေနေပါသည်။

ရွေးချယ်ခံရသူများသည် အေအာတီ (ART) စင်တာများ၊ ကျန်းမာရေးဌာနများ၊ လူထုကွန်ရက်များနှင့် စီမံကိန်းအဖွဲ့များနှင့် နီးကပ်စွာ ပူးပေါင်းလုပ်ဆောင်ပြီး အကျိုးခံစားခွင့်ရှိသူများအတွက် စဉ်ဆက်မပြတ် စောင့်ရှောက်မှုရရှိစေရန်နှင့် ကျန်းမာရေးရလဒ်များ ကောင်းမွန်လာစေရန် ဝိုင်းဝန်းကူညီပေးရမည် ဖြစ်ပါသည်။

ဤရာထူးအလုပ်သည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အကူအညီလိုအပ်နေသူ လူမှုအသိုင်းအဝိုင်းများ၏ လူမှုဘဝများကို မြှင့်တင်ကူညီပေးနေသည့် လူထုကိုယ်တိုင်ဦးဆောင်သော လူသားချင်းစာနာထောက်ထားမှုနှင့် ဝန်ဆောင်မှုများတွင် ကိုယ်တိုင်တိုက်ရိုက်ပါဝင်ကူညီလုပ်ကိုင်ခွင့်ရမည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါသည်။

## အမ်ပီဂျီကွန်ရက်အကြောင်း

မြန်မာနိုင်ငံအိပ်ချ်အိုင်ဗွီနှင့်နေထိုင်သူများအသင်း(အမ်ပီဂျီ)သည် ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဆယ်စုနှစ်နှစ်ခုတာကာလအတွင်း မြန်မာနိုင်ငံအတွင်းရှိ အိပ်ချ်အိုင်ဗွီနှင့်နေထိုင်သူများ၊ ဦးတည်အုပ်စုများနှင့် ၎င်းတို့၏ မိသားစုများအတွက် ခွဲခြားဆက်ဆံမှုကင်း၍ အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိစေရန် ကူညီဆောင်ရွက်နေသော အကျိုးအမြတ်မယူသည့် လူထုကိုယ်တိုင်ဦးဆောင်သော အကြီးဆုံးလူမှုကွန်ရက်အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

အမ်ပီဂျီသည် ကျန်းမာရေး၊ လူ့အခွင့်အရေး၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လူထုဦးဆောင်သောစနစ်များကို ပိုမိုအားကောင်းစေသည့် ယုံကြည်အားထားရသော အမျိုးသားအဆင့် ကွန်ရက်အဖွဲ့အစည်းတစ်ခုအဖြစ် တိုးတက်ပြောင်းလဲလာခဲ့ပါသည်။

လက်ရှိတွင် အမ်ပီဂျီသည် မိမိတို့၏ ကိုယ်စားပြုမှုနှင့် ကူညီဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအားကောင်းစေရန်အတွက် မြန်မာနိုင်ငံတစ်ဝှမ်းရှိ လူမှုရေးအသင်းအဖွဲ့ကွန်ရက်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မိတ်ဖက်များ၊ အလှူရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့၏ မဟာဗျူဟာစီမံကိန်း ၂၀၂၆–၂၀၃၀ ၏ လမ်းညွှန်မှုနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှု၊ တီထွင်ဆန်းသစ်မှု၊ ပြည်နယ်နှင့်တိုင်းဒေသအဆင့်ဦးဆောင်မှုကို ဦးစားပေးဆောင်ရွက်ခြင်းနှင့် လူထုခေါင်းဆောင်မှုတို့မှတစ်ဆင့် ပိုမိုကျန်းမာသန်စွမ်းပြီး၊ စွမ်းဆောင်ရည်ပြည့်ဝကာ ကြံ့ကြံ့ခံနိုင်ရည်ရှိ၍ ရေရှည်တည်တံ့ခိုင်မြဲသော လူမှုအသိုင်းအဝိုင်းများ ဖြစ်ထွန်းလာစေရန် ကတိကဝတ်ပြု လုပ်ဆောင်လျက်ရှိပါသည်။

## အမ်ပီဂျီနှင့် လက်တွဲဆောင်ရွက်သင့်သည့် အကြောင်းရင်းများ

အမ်ပီဂျီတွင် ဘဝတူချင်းကူညီပံ့ပိုးသည့် ဝန်ဆောင်မှုတာဝန်များသည် အကျိုးခံစားခွင့်ရှိသူများနှင့် လူထုအသိုက်အဝန်းအတွက် ဘေးကင်း၊ ကျန်းမာပြီး သိက္ခာရှိစွာ ဆေးကုသမှုများနှင့် ပံ့ပိုးကူညီရေး ဝန်ဆောင်မှုများနှင့် စဉ်ဆက်မပြတ် ချိတ်ဆက်ရရှိနိုင်ရန် မရှိမဖြစ် လိုအပ်သော အရေးကြီးအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

ဘဝတူချင်းကူညီပံ့ပိုးရေးဝန်ထမ်း တစ်ဦးအနေဖြင့် သင်သည် -

- ဆေးသောက်စနစ်တကျရှိစေရန်နှင့် စဉ်ဆက်မပြတ် ကုသစောင့်ရှောက်မှုရရှိစေရန် ပံ့ပိုးကူညီရမည်။
- အကျိုးခံစားခွင့်ရှိသူများအား အေအာတီ (ART) ဝန်ဆောင်မှုများနှင့် လွှဲပြောင်းညွှန်ကြားမှုများ ရရှိနိုင်စေရန် ဝိုင်းဝန်းကူညီရမည်။
- အချင်းချင်းနှစ်သိမ့်ဆွေးနွေးခြင်း (Peer counseling) နှင့် စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကို ပေးအပ်ရမည်။
- လူမှုအသိုင်းအဝိုင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများနှင့် တိုက်ရိုက်ပူးပေါင်းဆောင်ရွက်ရမည်။

- လူထုကျန်းမာရေး၊ နှစ်သိမ့်ဆွေးနွေးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့တွင် တန်ဖိုးရှိသော အတွေ့အကြုံကောင်းများကို ရရှိစေမည်။
- မြန်မာနိုင်ငံ၏ အကြီးဆုံးလူထုဦးဆောင်အဖွဲ့အစည်းကွန်ရက်တစ်ခု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ကူညီခွင့်ရမည့် အခွင့်အလမ်းဖြစ်ပါသည်။

## ရာထူးဆိုင်ရာ အချက်အလက်များ

## လုပ်ငန်းရည်ရွယ်ချက်

ဘဝတူ အသိပညာပေးသူ (Peer Educator) သည် ကွန်ရက်၏ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း ဌာန၏ လုပ်ငန်းများ နှင့် အပ်နှင်းထားသည့်တာဝန်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ယူရမည်ဖြစ်ပြီး အောက် ဖော်ပြပါ တာဝန်နှင့် ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်ရပါမည်။

## အဓိက တာဝန်ဝတ္တရားများ

- ကျန်းမာရေး အသိပညာများ မျှဝေပေးခြင်း၊ အထောက်အပံ့များကို သတ်မှတ်စံနှုန်းများနှင့် အညီ ကူညီထောက်ပံ့ပေးခြင်း။
- ကျန်းမာရေးပညာပေး အစီအစဉ်များအတွက် လိုအပ်သည့် ပစ္စည်းများဝယ်ယူခြင်းနှင့် ပြင်ဆင်ပြသခြင်းတို့ကို ဆောင် ရွက်ရန်။
- အကျိုးခံစားခွင့်ရှိသူများအား နွေးထွေးပျူငှာစွာကြိုဆို၍ သတ်မှတ်စံနှုန်းများအား ရှင်းလင်းပြောပြခြင်း၊ မေးမြန်း ခြင်း၊ စိစစ်ရာတွင်ကူညီခြင်းနှင့် ရက်ချိန်းအတွက် အကြောင်းကြားခြင်းတို့ကို ဆောင်ရွက်ရန်။
- အထောက်အပံ့များလာရောက်ထုတ်ယူရန် အကူအညီ လိုအပ်သည့် အကျိုးခံစားခွင့်ရှိသူများအား သတ်မှတ်မူဝါဒ များနှင့်အညီ ကူညီပို့ဆောင်ရန် စီစဉ်ပေးခြင်း။
- ပစ္စည်းများစိစစ်လက်ခံပေးခြင်း၊ ဘေးကင်းလုံခြုံစနစ်ကျစွာထားသိုခြင်း၊ ပြင်ဆင်ထုပ်ပိုးခြင်းနှင့် ဖြန့်ဖြူးခြင်း။
- နေ့အလိုက် လုပ်ဆောင်ချက်များအား မှတ်တမ်းတင်ခြင်းများ၊ အစီရင်ခံစာများ၊ စာရင်းဇယားများနှင့် အချက်အလက် များအား ဖြည့်သွင်းခြင်းနှင့် စနစ်တကျ သိမ်းဆည်းထားရှိခြင်း။
- သက်ဆိုင်ရာကြီးကြပ်သူထံသို့ စနစ်တကျပြင်ဆင်ထားသည့် အပတ်စဉ်နှင့် လစဉ်အစီရင်ခံစာများ အချိန်မီပေးပို့တင် ပြခြင်း။
- စီမံကိန်းလုပ်ငန်းများ အချိန်မီ ပြီးစီးအောင်မြင်စေရန် အများနှင့်အတူ တိုင်ပင်ဆွေးနွေး ပူးပေါင်းဆောင်ရွက်ခြင်း။
- လစဉ်အလိုက် ပေးအပ်ထားသော လျာထားချက်များ ပြည့်မီအောင်ဆောင်ရွက်ခြင်း။
- လိုအပ်ပါက ကွန်ရက်မှ သီးခြားတာဝန်ပေးအပ်လာမှုများကို ကျေပွန်စွာ ဆောင်ရွက်ခြင်း ။

## လိုအပ်သော အရည်အချင်းများ

- အနည်းဆုံး အခြေခံပညာ အလယ်တန်းအဆင့်ရှိသူ ဖြစ်ရမည်။
- အိပ်ချ်အိုင်ဗွီနှင့် ပတ်သက်သော လုပ်ငန်းများတွင် ဆောင်ရွက်ဖူးသည့် အတွေ့အကြုံရှိဖူးရမည်။
- လျှို့ဝှက်ထိန်းသိမ်းခြင်းကို စံပြလေးစားတန်ဖိုးထား လိုက်နာနိုင်သူဖြစ်ရမည်။

- အဖွဲ့အစည်းနှင့် ပူးပေါင်းနိုင်ပြီး စိတ်အားထက်သန်စွာ ခေါင်းဆောင်နိုင်သော စွမ်းရည်ရှိသူ ဖြစ်ရမည်။ ဆွေးနွေးမှုနှင့် တင်ဆက် မှုစွမ်းရည် ပြည့်ဝသူ စေ့စပ်ညှိနှိုင်းမှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်ရှိသူဦးစားပေးမည်။
- ရိုးသားဖြောင့်မတ်၍ စာရိတ္တကောင်းမွန်ပြီး စိတ်သဘောထားပြည့်ဝကာ စိတ်ကျန်းမာရေး ကောင်းမွန်သူဖြစ်ရမည်။

## ရရှိနိုင်သည့် အကျိုးခံစားခွင့်များ

- သင့်လျော်မျှတသည့် လုပ်ခလစာနှင့် အကျိုးခံစားခွင့် အစီအစဉ်များ။
- လူမှုအသိုင်းအဝိုင်းအတွက် အဓိပ္ပာယ်ပြည့်ဝသည့် လုပ်ငန်းခွင်တစ်ခုတွင် ပါဝင်ကူညီခွင့်ရရှိခြင်း။
- အပြန်အလှန် ပံ့ပိုးကူညီမှုရှိပြီး အားလုံးပါဝင်နိုင်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်။
- လေ့လာသင်ယူမှုနှင့် စွမ်းရည်မြှင့်တင်ရေး အခွင့်အလမ်းများ။
- မြန်မာနိုင်ငံ၏ အကြီးမားဆုံး လူထုဦးဆောင်အဖွဲ့အစည်းတစ်ခုတွင် အလုပ်လုပ်ကိုင်ခွင့်ရမည့် အတွေ့အကြုံကောင်းများ။

## ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများနှင့် ဘေးကင်းလုံခြုံသော လုပ်ငန်းခွင်ဆိုင်ရာ ကတိကဝတ်များ

အမ်ပီဂျီသည် ခွဲခြားဆက်ဆံမှုကင်းစင်သော လုပ်ငန်းခွင်ကောင်း ဖြစ်ပေါ်စေရန် ကတိကဝတ်ပြုပြီး မတူကွဲ ပြားမှုအားလုံးအပေါ်တွင် တန်ဖိုးထားလျက်ရှိပြီး အလုပ်လျှောက်လွှာပေးပို့သည့် မည်သည့်အလုပ်လျှောက်ထားသူကိုမဆိုနှင့် မည်သည့်ဝန်ထမ်းကိုမဆို ၎င်းတို့၏ လူမျိုး၊ အသားအရောင်၊ လိင် ဖြစ်တည်မှု၊ အသက်အရွယ်၊ မသန်စွမ်းမှုအခြေအနေ၊ အကျဉ်းကျခံထားရသည့်ရာဇဝင်၊ အိမ်ထောင် ရေးအခြေအနေ၊ လိင်စိတ်တိမ်းညွှတ်မှု၊ လိင်ဝိသေသခံယူမှု (သို့မဟုတ်) လိင်အသွင်သဏ္ဍာန်ဖော်ပြမှု စသည်တို့ကို လေးစားတန်ဖိုးထားပြီး သာတူညီမျှမှုများကိုအခြေခံပါသည်။ အမျိုးသမီးများ၊ အိပ်ချ်အိုင်ဗွီနှင့်နေထိုင်သူများ၊ မသန်စွမ်းသူများ၊ ဦးတည်အုပ်စုနှင့် မတူညီသော လူမှုအသိုင်းအဝိုင်းများမှ ပုဂ္ဂိုလ်များအား လျှောက်ထားရန် အထူးတိုက်တွန်းပါသည်။

အမ်ပီဂျီသည် မိမိတို့ထံမှ ဝန်ဆောင်မှုနှင့် အကျိုးခံစားခွင့်ရှိသူများအပေါ်တွင် အောက်ပါကိစ္စ ရပ်များ ကို လုံးဝ (လုံးဝ) သည်းခံခွင့်လွှတ်မည်မဟုတ်ပါ။

- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်စော်ကားမှုများ၊ နှောင့်ယှက်စော်ကားမှုများ
- ကလေးသူငယ်များအပေါ် အလွဲသုံးစားပြုခြင်းနှင့် ခေါင်းပုံဖြတ်ခြင်း
- ကျား/မ အခြေပြု အကြမ်းဖက်မှုများ
- မသမာမှုနှင့် ခြစားမှုများ

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင်နေသောဝန်ထမ်းတိုင်း၏ အရေး ကြီးတာဝန်ဖြစ်ပြီး ၎င်း၏အခြေခံမှုများ၊ ကျင့်ဝတ်စည်းမျဉ်းများကို အလုပ်ချိန်အတွင်းသာမက အလုပ်ချိန်ပြင်ပတွင်လည်း လိုက်နာ ရပါမည်။

ဝန်ထမ်းအားလုံးသည် အမ်ပီဂျီ၏ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဘောင်များ၊ ဝန်ထမ်းကျင့်ဝတ်များနှင့် အဖွဲ့အစည်းဆိုင်ရာမူဝါဒများကို အစဉ်တစိုက် လိုက်နာစောင့်ထိန်းရပါမည်။

**စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ**

- မပြည့်စုံသောလျှောက်လွှာများနှင့် ပိတ်ရက်ကျော်လွန်သည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ပြည့်စုံသောလျှောက်ထားသူများမှ ပဏာမအဆင့်တွင်ပါဝင်သူများကိုသာ နောက်တစ်ဆင့်အတွက် ဆက်သွယ်ပါမည်။
- လိုအပ်ပါကခေါ်ယူထားသည့် အလုပ်ရာထူးအဆင့်ထက် နိမ့်သောအဆင့်ဖြင့်လည်း အဖွဲ့အစည်းမှ ခန့်အပ်ပိုင်ခွင့်ရှိသည်။
- အမ်ပီဂျီဝန်ထမ်းများမှ ပြန်လည်လျှောက်ထားသူသည် လျှောက်လွှာမတင်မီ မိမိကိုယ်ပိုင်အချိန်အတွင်းရာထူးနှင့် သက်ဆိုင် သည့်သတ်မှတ်သင်တန်းများကို ပြီးစီးထားရပါမည်။ ဝန်ထမ်းစာချုပ်ကာလအတွင်းတွင်လည်း မွမ်းမံသင်တန်းများ (သို့မဟုတ်) သင်တန်းအသစ်များလည်း လိုအပ်နိုင်သည်။ ၎င်းသင်တန်းများတက်ရောက်ရန်အတွက် အဖွဲ့အစည်းမှ အထောက်အပံ့ တစ်စုံ တစ်ရာရရှိမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက လူ့စွမ်းအားအရင်းအမြစ်ဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။
- အမ်ပီဂျီဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအားလုံးသည် အမ်ပီဂျီ၏ အသင်းအဖွဲ့စည်းမျဉ်း၊ မူဝါဒများနှင့် ညွှန်ကြားချက်များ အပြင်အခြားသော သက်ဆိုင်ရာ တာဝန်ခံမှု မူဘောင်များနှင့်အညီ ၎င်းတို့၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရ ပါမည်။ ထို့အပြင် အမ်ပီဂျီ၏တန်ဖိုးများ၊ မဟာဗျူဟာလမ်းစဉ်များနှင့်အညီ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု စံနှုန်းများကို ကောင်းစွာနားလည်သဘောပေါက်လိုက်နာကျင့်သုံးရမည်။
- ခန့်အပ်ရန်လျာထားသူများအားလုံး၏ နောက်ကြောင်းရာဇဝင်စစ်ဆေးမှုများလုပ်ဆောင်ခြင်းသည် အမ်ပီဂျီ၏မူဝါဒဖြစ်ပြီး အလုပ်ရာထူး ကမ်းလှမ်းမှုသည် ၎င်းရလဒ်များနှင့် ကောင်းမွန်သည့်ထောက်ခံချက်များအပေါ် အခြေခံမည်ဖြစ်သည်။
- အကြောင်းတစ်စုံတစ်ရာကြောင့် သက်ဆိုင်ရာအလှူရှင်အဖွဲ့အစည်းနှင့် အမ်ပီဂျီအကြား သဘောတူစာချုပ် အပြောင်းအလဲ ဖြစ်ခြင်း၊ စီမံချက်ရတ်တရက်ဆိုင်းငံ့ခြင်း၊ ရပ်ဆိုင်းခြင်း၊ ဝန်ထမ်းဦးရေ နှင့်ရန်ပုံငွေလျှော့ချခြင်းတို့ ဖြစ်ပေါ်ပါက ဤအလုပ်ခေါ် စာအပေါ် ချက်ခြင်းတိုက်ရိုက် အကျိုးသက်ရောက်မှုရှိမည်ဖြစ်သောကြောင့် အဖွဲ့အစည်းအနေဖြင့် ဝန်ထမ်းစာချုပ်ချုပ်ဆိုပြီးစီးသည့်အဆင့် အပါအဝင် မည်သည့်အဆင့်တွင်မဆို ခေါ်ယူခန့်အပ်ခြင်းလုပ်ငန်းစဉ်ကို ပယ်ဖျက်ရန် (သို့မဟုတ်) ရွှေ့ဆိုင်းပိုင်ခွင့်ရှိသည်။
- လျှောက်လွှာတင်သွင်းခြင်းသည် အလုပ်လျှောက်ထားသူအနေဖြင့် အထက်ဖော်ပြပါစည်းမျဉ်းစည်းကမ်းများကို ကောင်းစွာဖတ် ရှုနားလည်၍ လျှောက်ထားခြင်းဖြစ်ကြောင်း သဘောတူပါသည်။

## လျှောက်ထားရန်

- Apply Here

**Myanmar Positive Group, Head Office (အမ်ပီဂျီရုံးချုပ်)**

အမှတ် ၃/၁၆၊  ကံကော်မြိုင် ၁ လမ်း ၊ ၈ ရပ်ကွက် ၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ အလုပ်ခေါ်စာနှင့်ပတ်သက်၍ မေးမြန်းလိုပါက **recruitment@myanmarpositivegroup.org** သို့မဟုတ် ၀၉ ၇၉၇၂၁၁၁၀၀ ၊ ၀၉ ၇၆၅၆၆၂၄၇၁ သို့ ရုံးဖွင့်ရက် တနင်္လာမှ သောကြာ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမ်ပီဂျီ၏ အဖွဲ့အစည်းသမိုင်းကြောင်းနှင့် စီမံကိန်းလုပ်ငန်းစဥ်များအား ပိုမိုလေ့လာသိရှိလိုပါက **www.myanmarpositivegroup.org** သို့ သွားရောက်လေ့လာရန် တိုက်တွန်းပါသည်။